IUF - International Union of Food, Agricultural, Hotel, Restaurant, Catering, Tobacco and Allied Workers' Associations UITA - Unión Internacional de Trabajadores/as de la Alimentación, Agricultura, Hotelería, Restaurantes, Catering, Tabaco y Afines
UITA - Union internationale des travailleurs-euses de l'alimentation, de l'agriculture, de l'hôtellerie-restauration, du catering, du tabac et des branches connexes IUL - Internationale Union der Lebensmittel-, Landwirtschafts-, Hotel-, Restaurant-, Catering- und Genussmittelarbeiter-Gewerkschaften IUL - Internationella unionen för livsmedels-, njutningsmedels- och lantarbetareförbund samt förbund inom hotell-, restaurang- och cateringbranschen

Rampe du Pont-Rouge 8 | 1213 Petit-Lancy, Geneva, Switzerland | E-mail: iuf@iuf.org | Tel: (+41) 22 793 22 33 | Fax: (+41) 22 793

*President*
Mark Lauritsen

*General Secretary*
Sue Longley

# *ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေ – COVID–19*

## IUF မိတ်ဖွဲ့ဝင်များအတွက် အကြံပြုချက်

COVID–19 သည် အစပိုင်းတွင် လူသားတွင် မတွေ့ရှိရသော ကိုရိုနာ ဗိုင်းရပ်စ်ရောအသစ်တမျိုး ဖြစ်သည်။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွင် တိရိစာန်များမှ လူသားဆီသို့ ကူးစက်စေခဲ့သည်။ လက်ရှိတွင် လူသားအချင်းချင်း ကူးစက်မှုမှာ နေရာ တော်တော်များ များဖြစ်ပေါ်နေပါသည်။ ဗိုင်းရပ်စ်အသစ်နဲ့ ပတ်သက်ပြီး တိုက်ထုတ်နိုင်သည့် ကိုယ်ခံအား လူတွေမှာ မရှိသေးပါ။ ရောဂါကူးစက်ခံရသူစုစုပေါင်း၏ ၃.၄% မှား အသက်ဆုံးရှုံး ကြရကြောင်း ကမ္ဘာ့ကျန်းမားရေးအဖွဲ့ WHO မှ ခန့်မှန်းထားသည်။ ကူးစက်ခံရသူ ၄၀% မှာ အောက်ဆီဂျင် ပံ့ပိုးမှုနှင့်အတူ ဆေးရုံတက်ရသူများဖြစ်သည်။ ဗိုင်းရပ်စ်ကူးစက်မှု ဆက်လက်မြင့်တက် လျက်ရှိပြီး နိုင်ငံတော်တော်များများက ဆေးရုံများတွင် လူနာတွေနှင့် ပြည့်နှက်နေပြီ ဖြစ်ပါသည်။

လွန်ခဲ့သော ၂ ပတ်ခန့်က နိုင်ငံပေါင်း ၆၀ ကျော်တွင် ကူးစက်ခံရမှုအခြေအနေ တဖြည်းဖြည်း မြင့်တက်သည့် အခြေအနေများနှင့် ကြုံတွေ့ခဲ့ကြရသည်။

ကူးစက်သည့်အနေအထားကို ထိန်းချုပ်နိုင်ဖို့အတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ အစီအမံ စံနှုန်းများ သုံး စွဲ လျက်ရှိသည်။ ၎င်းတို့ထဲတွင် ရောဂါကူးစက်ခံထားရသူကို သီးသန့်အခန်းတွင် နေစေခြင်း နှင့် ကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့သူများကို အသွားအလာကန့်သန့်မှုများ လုပ် ခြင်း တို့ပါဝင်ပါသည်။

ကျန်းမာလျက်ရှိသော လူများအတွက် နေစဉ်အခြေအနေများမှာ နှာခေါင်းစည်းများ ဝတ်ဆင်ကြဖို့ ကမ္ဘာ့ကျန်း မာရေးအဖွဲ့ WHO မှ အကြံပြုမထားသော်လည်း အောက်ပါအချက်များကို အထူး အကြံပြုထားသည်။

- ထိတွေ့မှုရှိခဲ့သောလက်ကို အရက်ပြန်ပါသည့် လက်သန့်ဆေးရည်ဖြင့် မကြာခဏ သန့်ရှင်းရန်၊ သို့မဟုတ် ဆပ်ပြာနှင့်ရေဖြင့် ဆေးကြောရန်။
- ပါးစပ် သို့မဟုတ် နှာခေါင်းများကို မထိစေရန်နှင့် ချောင်းဆိုးသောအခါ တံတောင်ဆစ်ပေါ် ဆိုးရန်နှင့် တစ်ရှုးသုံးပြီ အကာအကွယ်ပြုရန်။
- အသုံးပြုပြီးသော ထိုတစ်ရှုးများကို အမှိုက်ပုံးထဲသို့ စွန့်ပစ်ရန်နှင့် လက်ကို အရက်ပြန်ပါသော လက်သန့်ဆေးရည် သို့မဟုတ် ရေ၊ ဆပ်ပြာ တို့ဖြင့် သန့်ရှင်း ဆေးကြောရန်။

မျက်နှာပြင်များ၊ လက်တော့ပ်၊ ကီးဘုတ် နှင့် မိုဘိုင်းဖုန်းများကို မကြာခဏ သန့်ရှင်းရေး လုပ်ရန် လိုအပ်ပါသည်။
နေထိုင်မကောင်းဖြစ်နေသူများသည် လူအများနှင့် ရောနေခြင်းမှ ရှောင်ရှားသင့်ပါသည်။

တခြားအလုပ်သမားများ၏ အခွင့်အရေးကို ကာကွယ်ရန်အတွက် မိတ်ဖွဲ့ဝင်များသည် အလုပ်ရှင်များ နှင့် အောက်ဖော်ပြပါ ဆွေးနွေးမှုများနှင့် စေ့စပ်ညှိနှိုင်းမှုများ လုပ်ဆောင်သင့်ပါသည်။

- အလုပ်သမားများအား အနရာယ်ရှိသော မလိုလားအပ်သည့် ထိတွေ့မှုများ မရှိစေဖို့အတွက် လိုက်နာရန်စည်းကမ်းချက်များချမှတ်ခြင်းဖြင့် သူတို့၏ လက်ရှိနှင့် အနာဂတ် ကျန်းမာရေးအတွက် ထည့်စဉ်းစားသင့်ပေသည်။ ပါဝင်သင့်သော အချက်များမှာ–
    - လုပ်ငန်းခွင်သန့်ရှင်းသပ်ရပ်မှု
    - အလုပ်အသွားအပြန်အတွက် လမ်းညွှန်ချက်များ
    - ကျန်းမာရေးဆိုင်ရာပညာရှင်များမှ တိကျမှန်ကန်သော သတင်းအချက်အလက်ရရှိခွင့်
- အလုပ်အကိုင်ပိတ်သိမ်းခံရခြင်း၊ ဖျားနာခြင်း၊ အသွားအလာကန့်သတ်ခံထားရခြင်း သို့မဟုတ် မိသားစုဝင်ကို စောင့်ရှောက်ဖို့လိုအပ်သည့်အခါ အကာအကွယ်ရရှိခြင်း
- သူတို့ကို မှီခိုနေသောသူ တစုံတဦးဖျားနာပါက ထိုအလုပ်သမားအတွက် အစီအစဉ်များ
- စောင့်ရှောက်ရန် ကလေးရှိသော အလုပ်သမားများအတွက် ကလေးထိန်းကျောင်း ပိတ်ခဲ့ပါက သူတို့အတွက် အဆင်ပြေသော အလုပ်ချိန် ညှိနှိုင်းပေးသည့် အစီအစဉ်များ
- အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ ဆီးချိုနှင့် နှလုံးရောဂါကဲ့သို့လို ရောဂါပိုမိုကူးစက်ခံရနိုင်သည့် ရောဂါအခံရှိသူ အလုပ်သမားများအတွက် ဖြည့်စွက် ကာကွယ်ရေးအစီအမံများ
- ကျန်မာရေး အရေပေါ်အခြေအနေကြောင့် ဖြစ်ပေါ်လာသည် လူမှုစီးပွား သက်ရောက်မှုများကို လျှော့ချရန်အတွက် လိုအပ်သော အထူးအစီအမံများ
- ဗိုင်းရပ်စ် ကူးစက်ခံရခြင်းနှင့် ဖျားနာခြင်းတို့ကြောင့် ဖြစ်ပေါ်လာသော ခွဲခြားဆက်ဆံမှုများနှင့် နှိမ့်ချမှုကို ဆန့်ကျင်ကာကွယ်မှုများ

အများပြည်သူများနှင့် ထိတွေ့မှုများသော အလုပ်သမားများသည် ကူးစက်ခံရနိုင်ခြေ ပိုများပါသည်။ ထိုသူတို့တွင် ဟိုတယ်ဝန်ထမ်းများ၊ စားသောက်ဆိုင်ဝန်ထမ်းများနှင့် အစားအသောက် ဝန်ဆောင်မှုပေးသော ဝန်ထမ်းများ ပါဝင်ပါသည်။

ရောဂါကူးစက်ခံထားရသူများအား ဟိုတယ်တွင် သီးသန့်ထားရှိပါက အလုပ်သမားများအား မလိုလားအပ် ကူးစက်မှု အနရာယ် မရှိစေဖို့ အရေးကြီးပါသည်။ ထိုအခြေအနေများတွင် အလုပ်သမားများအား အသွားအလာ ကန့်သတ်ထားသင့်ပြီး ကျန်းမာရေးဝန်ထမ်းများလုပ်ဆောင်ရသော တာဝန်များ မထမ်းဆောင်သင့်ပါ။ ထိုအခြေအနေတွင် အလုပ်သမားများအား နှာခေါင်းစည်း ပေးထားသင့်သည်။

ကျန်းမာရေး အရေးပေါ်အခြေအနေကို အကြောင်းပြပြီး အလုပ်ရှင်များအနေဖြင့် ပြန်လည်မွမ်းမံခြင်း၊ ယာယီမဟုတ်သော အလုပ်ထုတ်ပယ်ခြင်းများ ပြုလုပ်ရန် ခွင့်မပြုသင့်ပါ။

မိတ်ဖွဲ့ဝင်များသည် ပြည်သူ့ကျန်းမာရေးဆိုင်ရာ တုံ့ပြန်မှုအပေါ် ကိုယ်စားပြုမှုရှိရေး၊ လူမှုအကာအကွယ်များ ပံ့ပိုးပေးရေးနှင့် ကျောင်းနှင့်ပွဲလမ်းသဘင်များပိတ်သိမ်းရန် အစီအမံများအတွက် တခြားသမဂ အဖွဲ့ဝင်များနှင့် အတူ ဒေသနရ အစိုးရ၊ နိုင်ငံတော်အစိုးရတို့နှင့် ပေါင်းစည်းလုပ်ကိုင်ကြရမည်။